တရားမပုံစံအမှတ်-၉၄

ဤပုံစံကိုအသုံးပြုရန်အတွက် တရားမပုံစံအမှတ်-၉၆ ကိုကြည့်

( ကြော်ငြာကပ်ရန် )

၁။ အချင်းဖြစ်ပစ္စည်းတည်ရှိရာ
၂။ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံး
၃။ ကမ္ဘောဇရတနာဘဏ်(မြင်းခြံ)
၄။ မြင်းခြံခရိုင်တရားရုံး
၅။ အမှုတွဲလက်ခံ

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆ )**

**မြင်းခြံခရိုင် တရားရုံးတော်၌**

**၂၀၁၇-ခုနှစ်၊ တရားမဇာရီမှုအမှတ် -၁၄**

| | | |
|---|---|---|
| ကမ္ဘောဇရတနာဘဏ်လီမိတက် | နှင့် | ၁။ဦးမျိုးမင်းဝမ်း |
| (၎င်း၏တာဝန်ခံဗိုလ်မှူးဇေယျာမင်း(ငြိမ်း)) | | ၂။ဒေါ်ခိုင်မျိုးဝမ်း |
| မြင်းခြံဘဏ်ခွဲ | | ၃။ဦးစိုးမင်းဝမ်း |
| | | ၄။ဒေါ်အေးဥဥ |
| | | ၅။ဦးကျော်စွာလင်း |
| **(ဒီကရီအနိုင်ရသူ )** | | **(တရားရှုံးများ)** |

မြင်းခြံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၆/၂၀၁၆ အမှု၌ (၁၈-၇-၂၀၁၇)ရက်နေ့တွင် ရရှိခဲ့သော အနိုင် ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို **၂၀၂၃-ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက် (၁၃၈၅-ခုနှစ်၊ ပြာသိုလဆုပ်(၁၂)ရက်)နံနက်(၁၀း၀၀)နာရီ**တွင် ၎င်းပစ္စည်းများတည်ရှိရာ အရပ်၌ လေလံတင် ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရ သမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူး သတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်ထားသည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် (၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက် ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃-ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေး လိုက်သည်။

( တင့်တင့်ဌေး )
ခရိုင်တရားသူကြီး

## ပစ္စည်းစာရင်း

မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်အတွင်းရှိ အကွက်အမှတ်(၅၃)၊ ရွာစည်ဦးပိုင် အမှတ်- (၂၁၆-ခ) ၊ (၂၁၇-ခ)၊(၂၁၈-ခ)ဂရန်မြေကွက်(၃)ကွက်နှင့် မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော အာစီ(၁)ထပ်တိုက်တစ်လုံး၊ သွပ်မိုးအုတ်ကာ၊သွပ်မိုးနောက်အဖီ(မီးဖိုပါ)(၁)ထပ်ကွန်ကရစ် တိုက်တစ်လုံး၊သွပ်မိုးအုတ်ကာ(၁)ထပ်ကွန်ကရစ်တိုက်တစ်လုံး၊(၂)ထပ်ကြက်သွန်ဂိုဒေါင်တစ်လုံး။

| | |
|---|---|
| လေလံကြမ်းခင်းဈေး | = ကျပ်သိန်း(၃၃၀၀) |
| အရောင်းကြော်ငြာသွင်းရန်နေ့ | = ၃.၁.၂၀၂၄ |
| ရောင်းချမည့်နေ့ရက် | = ၆.၂.၂၀၂၄ |
| အစီရင်ခံစာပြန်တင်ရန်နေ့ရက် | = ၈.၂.၂၀၂၄ |